# CONTENT မာတိကာ


- အမှာစာ
၁။ တိရစ္ဆာန်ဥယျာဉ်သို့ အဝင် ၁
၂။ ဆင် ၂
၃။ ကျား ၃
၄။ မျောက် ၄
၅။ မိကျောင်း ၅
၆။ မြွေ ၆
၇။ မြေခွေး ၇
၈။ သမင် ၈
၉။ လိပ် ၉
၁၀။ ယုန် ၁၀
၁၁။ ခြသေ့ ၁၁
၁၂။ ရေမြင်း ၁၂
၁၃။ သားမင်း ၁၃
၁၄။ မြင်းကျား ၁၄
၁၅။ သစ်ကုလားအုတ် ၁၅
၁၆။ ကြံ့ ၁၆
၁၇။ ကျားသစ် ၁၇
၁၈။ ကြံ့သူတော် ၁၈
၁၉။ ဝက်ဝံ ၁၉
၂၀။ ကုလားအုတ် ၂၀
၂၁။ နွား ၂၁
၂၂။ ဖျံ ၂၂
၂၃။ ခွေးအ ၂၃
၂၄။ တောဝက် ၂၄
၂၅။ သားပိုက်ကောင် ၂၅


# CONTENT မာတိကာ


၂၆။ တောကြောင် ၂၆
၂၇။ သိုး ၂၇
၂၈။ ခွေးတူဝက်တူ ၂၈
၂၉။ ဒေါင်းအိုးဝေ ၂၉
၃၀။ ရွှေနွန်ညို ၃၀
၃၁။ ဆက်ရက် ၃၁
၃၂။ ဗိုးခေါင် ၃၂
၃၃။ မိန် ၃၃
၃၄။ ငှက်ပန်းထိမ် ၃၄
၃၅။ ရွှေဟင်္သာ ၃၅
၃၆။ ငှက်ကြီးဝန်ပို ၃၆
၃၇။ သာလိကာ ၃၇
၃၈။ ကြက်တူရွေး ၃၈
၃၉။ ရွှေညြာ ၃၉
၄၀။ ငွေရှိုင်းဖြူ ၄၀
၄၁။ ရွှေကျီးညို ၄၁
၄၂။ ငှေချိုးဖြူ ၄၂
၄၃။ ငှက်ခါး ၄၃
၄၄။ ကြိုးကြာ ၄၄
၄၅။ ခို ၄၅
၄၆။ ဒီးကွက် ၄၆
၄၇။ ငှက်ကုလားအုတ် ၄၇
၄၈။ ရုပ်လုံးသွင်းပြတိုက် ၄၈
၄၉။ သဘာဝသမိုင်းပြတိုက် ၄၉
၅၀။ ငါးပြတိုက် ၅၀


## အမှာစကား

နိုင်ငံ၏ အနာဂတ် ရင်သွေးရတနာကလေးများ ပညာပြည့်ဝ နှလုံးလှလျက် ပတ်ဝန်းကျင်ကို ချစ်ခင်လေးလာ တန်ဖိုးထားတတ်စေရန်နှင့် မြန်မာ့ရေမြေပေါ်ရှိ တိရစ္ဆာန်ကလေးများ၏ သဘာဝနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ ဆရာဂုဏ်ဝင်း (၁၉၂၉-၂၀၀၂) ရေးသားသည့် "တိရစ္ဆာန်ဥယျာဉ် ကဗျာများ" စာအုပ်ကို ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်တွင် ကလေးကဗျာပေါင်း ၅၀ ပုဒ် ပါဝင်ပါသည်။ ကဗျာများမှာ မြန်မာနိုင်ငံရှိ တိရစ္ဆာန် ဥယျာဉ်များအတွင်းမှ ကျေးငှက်များနှင့် တိရစ္ဆာန်များအပြင် ရုပ်လုံးသွင်းပြတိုက်၊ သဘာဝသမိုင်းပြတိုက်နှင့် ငါးပြတိုက်တို့အကြောင်း ချစ်စဖွယ် သီကုံးထားသော ကဗျာများ ဖြစ်ပါသည်။ စာမျက်နှာတိုင်းတွင် ကျေးငှက်တိရစ္ဆာန်တို့၏ လေ့စရိုက် ရောင်စုံပုံများဖြင့် ဝေဝေဆာဆာ ရှုမငြီးစရာ သရုပ်ဖော် ရေးဆွဲထားပါသည်။

ကဗျာများကို ကလေးများ ဖတ်ရှု၍ နှစ်သက်ကြည်နူးနိုင်သကဲ့သို့ ကလေးတို့ကိုယ်တိုင် သီဆိုကျူးရင့်နိုင်ရန် အသံချိုသာ၍ ကာရန်ညီမျှ သွက်လက်စွာ ရေးဖွဲ့ထားပါသည်။

"တိရစ္ဆာန်ဥယျာဉ်ကဗျာများ" စာအုပ်ကို စာပေဗိမာန်က ၁၉၆၈ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကလေးများနှစ် အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် ထုတ်ဝေခဲ့ပါသည်။ ကလေးစာပေ ဖွံ့ဖြိုးရေးကို ရည်ရွယ်လျက် ယခု တတိယအကြိမ် ထပ်မံ ထုတ်ဝေခြင်းဖြစ်ပါသည်။ သတ်ပုံအချို့ကို မူရင်းအတိုင်း မပြင်ဆင်ဘဲ ဖော်ပြထားပါသည်။

စာပေမူပိုင်ခွင့်ကို ခွင့်ပြုသော ဆရာဂုဏ်ဝင်းမိသားစု၊ စာအုပ်အဖုံးနှင့် အတွင်းဒီဇိုင်း ရေးဆွဲပေးသော ဆရာမောင်မောင်အောင်၊ အတွင်းသရုပ်ဖော်ပုံများ ရေးဆွဲပေးကြသော ဆရာရွှေမင်းသား၊ ဆရာသစ်ထွဏ်း၊ ဆရာစမ်းချောင်းကိုကိုအောင်၊ ဆရာဆန်းလင်း၊ ဆရာသီဟစန်းသစ်နှင့် စာအုပ်အပြင်အဆင်ထက်အာကာကျော်တို့ကို စာပေဗိမာန်က အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

စာပေဗိမာန်





## ဆင်

နှာမောင်းသွယ်သွယ် အစွယ်ကောက်နဲ့
ကြွက်စုတ်ကြောက်တဲ့ သတ္တဝါ။

မျက်လုံးငယ်ငယ် နားရွက်ကြီးကို
ဖြန့်ပြီးအိပ်ရင် ခွေးလိုက်မှာ။


ကျောက်ဂူကြီးလို အာခေါင်လှစ်လို့
ကြံရည်ညှစ်ဖို့ သွားလဲပါ။

ဆန်ကောပမာ သူ့ခြေများက
ကားကားဝိုင်းဝိုင်း ပန်းပွင့်လွှာ။

ဆဒ္ဒန်ဆိုတာ သူတို့မင်းပေါ့
မြားနဲ့ခွင်းလို့ သေရရှာ။

ညီငယ်ကြီးရင် စာသင်ကျောင်းမှာ
သည်အကြောင်းကို သင်ရမှာ။
ဖတ်ပါ မှတ်ပါ။ ။







## ကျား

အချမ်းလုံအောင် အင်္ကျီကျားနဲ့
သူ့အသားမှာ ဝတ်ဆင်ကာ။

အနက်အဝါ သူ့အစင်းက
အိမ်မှာခင်းတဲ့ ကော်ဇောပါ။

သူရယ်သောခါ သွားတွေဖြီးလို့
ဖိုးပါကြီးနဲ့ တူလိုက်တာ။

ခြံလှောင်ထားကာ သံတိုင်နိုက်တော့
မနိုက်ဝံ့ပေါ့ သူ့မျေး။

မေမေပြောဆို ကိုရွှေကျားဟာ
သူ မဟုတ်လားကွဲ့ ရှေးအခါ။

ရွှေယုန်ဘယ်ဆီ သက်ငယ်ရိတ်လို့
တိတ်တိတ်ကလေး အိပ်နေရှာ။
မေးပါ မေးပါ။ ။